global witness

# ကျောက်စိမ်း နှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏ အဆိုးသံသရာ

## အနှစ်ချုပ်, အဓိကတွေ့ရှိချက်များအပေါ် သုံးသပ်ချက်, အကြံပြုချက်များ

ဇွန် **2021**



ဓာတ်ပုံ - © Global Witness / M.O.

## အနှစ်ချုပ်

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ဖားကန့်ဒေသသည် ကမ္ဘာ့ အကြီးမားဆုံး ကျောက်စိမ်းတွင်းများ တည်ရှိသည့် ဒေသတစ်ခု ဖြစ်သည်။ ထိုကျောက်စိမ်းတွင်းများနှင့် နှစ်စဉ်တူးဖော်နေသော ဘီလီယံချီသည့် ကျောက်စိမ်းမှ ဝင်ငွေသည် မြန်မာပြည် မြောက်ပိုင်းကို ဆယ်စုနှစ်များစွာ ရိုက်ခတ်လျက်ရှိပြီး နိုင်ငံ၏ နိုင်ငံရေးဘောဂဗေဒအပေါ် လွှမ်းမိုးနေသော ခေါင်းပုံဖြတ် အမြတ်ထုတ်မှုနှင့် ပဋိပက္ခ အဆိုးသံသရာ၏ ဗဟိုချက်အဖြစ် တည်ရှိနေပါသည်။ ကျောက်စိမ်းမှဝင်ငွေသည် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတွင်း ပဋိပက္ခများအတွင်း ပါဝင်ပတ်သက်နေပြီး ၎င်းတို့၏ အားကောင်းသော မိတ်ဖက်များအား များပြားသည့် ငွေကြေးပမာဏကို ထောက်ပံ့ပေးနေပါသည်။ ဤအဆိုးသံသရာသည် မြန်မာ့စစ်တပ်ဖြစ်သော တပ်မတော်နှင့် ၁၉၉၄ ခုနှစ်တွင် မြန်မာ့ကျောက်စိမ်းနယ်မြေကို ထိန်းချုပ်ပြီးနောက်ပိုင်း ရရှိလာသည့် ကျောက်စိမ်းထုတ်လုပ်မှု၏ ကြီးမားသော အကျိုးအမြတ် ဝန်းကျင်တွင် လည်ပတ်နေပါသည်။ ထိုသို့ ထိန်းချုပ်ပြီးနောက်ပိုင်း ဆယ်စုနှစ်များစွာ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် / ကချင်လွတ်မြောက်ရေးတပ်မတော် နှင့် အကျိုးအမြတ်ပဋိပက္ခများ ဖြစ်ပွားနေခဲ့ပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များနှင့် ၎င်းတို့၏ မဟာမိတ်များသည် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများအတွက် ရန်ပုံငွေ ရှာဖွေရန်နှင့် ၎င်းတို့ကိုယ်တိုင် ချမ်းသာကြွယ်ဝစေရန် ကြိုးပမ်းလာခြင်းကြောင့် ထိုပဋိပက္ခများနှင့် ၎င်းတို့ ကျူးလွန်ခဲ့သော ဥပဒေမဲ့ ဆောင်ရွက်မှုများသည် အကျင့်ပျက်ခြစားမှုကို ကြာရှည်စွာ ဖြစ်ပေါ်စေပြီး အန္တရာယ်ရှိသည့် ကျောက်မျက် တူးဖော်မှု အလေ့အထ များဆီသို့ ဦးတည်စေပါသည်။ ကျောက်စိမ်းလုပ်ငန်း၏ ငွေကြေးအကျိုးအမြတ် အနည်းငယ်သာလျှင် ဒေသတွင်း နေထိုင်သူများ အပါအဝင် ကချင်ပြည်နယ်အတွက် ရရှိနေပါသည်။ သို့သော် ဥပဒေမဲ့ဆောင်ရွက်မှုများ နှင့် အကျင့်ပျက်ခြစားမှုများတွင် စစ်တပ်ဖွဲ့စည်းပုံ၏ အမြင့်ဆုံး အဆင့်များမှပင် ပါဝင်နေပြီး စစ်တပ်သည် ၎င်းကျူးလွန်မှုများ၏ ပိရမစ်ထိပ်ဆုံးတွင် နေရာယူ ထားပါသည်။ ၎င်းအကျင့်ပျက်ခြစားမှုတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိသားစု ပါဝင်နေပါသည်။ ဤအစီရင်ခံစာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၏ ခေါင်းဆောင် ဖြစ်လာပြီးနောက်ပိုင်း ကျောက်စိမ်းနှင့် ဆက်စပ်သည့် အမြတ်ထုတ်မှုများတွင် ၎င်း၏သားဖြစ်သူ ပါဝင်ပါတ်သက်မှုများကို အချက်အလက်အသစ်များဖြင့် ဖော်ပြထားပါ သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အစိုးရသက်တမ်း ငါးနှစ်ပြည့်ပြီးနောက် တပ်မတော်၏ နိုင်ငံကို ပြန်လည်ထိန်းချုပ်ရန် ကြိုးပမ်းမှု တစ်ခုဖြစ်သည့် ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းမှုသည် ကျောက်စိမ်းတူးဖော်မှုကဏ္ဍအတွင်း စစ်တပ်၏ အကျင့်ပျက် ခြစားမှုများကို ပိုမိုဖြစ်ပေါ်လာစေရန် ခြိမ်းခြောက်လျက်ရှိပါသည်။ ၎င်းသည် ကျောက်စိမ်းနှင့် ပဋိပက္ခအကြား ဆက်စပ်မှု၏ ခိုင်မာသော သဘောသဘာဝကို ထပ်မံဖော်ပြနေပါသည်။

Global Witness ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာ နှစ်ခုဖြစ်သော "ကျောက်စိမ်း- မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံအဆင့် လျှို့ဝှက်ချက် "( *Jade: Myanmar's 'Big State Secret')* နှင့် "ကျောက်စိမ်းအရှင်သခင်များ" (*Lords of Jade*) *အစီရင်ခံစာတို့တွင်* ကျောက်စိမ်း တူးဖော်မှု လုပ်ငန်းနှင့် တပ်မတော်အကြား နက်ရှိုင်းသည့် ချိတ်ဆက်မှုများကို ဖော်ပြခဲ့သည်။ ထိုအစီရင်ခံစာများတွင် NLD ဦးဆောင်သည့် အစိုးရ ထံသို့ အာဏာလွှဲပြောင်းစ ကာလအတွင်း စစ်တပ်ကြီးစိုးသည့် ဆယ်စုနှစ်များစွာမှ အကျိုးအမြတ်ရရှိခဲ့သော စစ်တပ် အသိုင်းအဝိုင်းမှ အထက်တန်းလွှာများ၊ အမေရိကန်က ပိတ်ဆို့အရေးယူထားသည့် မူးယစ်ရာဇာများ၊ လက်နက်ကိုင် တပ်ဖွဲ့ များနှင့် ခရိုနီကုမ္ပဏီများက မြန်မာ့ကျောက်စိမ်းတူးဖော်မှုကဏ္ဍကို မည်သို့ လျှို့ဝှက်စွာ ထိန်းချုပ်ခဲ့သည်ကို ဖော်ထုတ်ခဲ့ပါသည်။ အစီရင်ခံစာ များတွင် နိုင်ငံတိုးတက်မှုကို အဟန့်အတားဖြစ်စေသော လက်နက်ကိုင် အဖွဲ့များ၏ ထိန်းချုပ်မှုနှင့် အကျင့်ပျက်ခြစားမှု ပေါ်များခြင်းကို ကိုင်တွယ်ရန် ကျောက်စိမ်းတူးဖော်မှု ကဏ္ဍအတွင်း အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေကြောင်း ဆွေးနွေးခဲ့သည်။

NLD သည် အလားတူ အကဲဖြတ်မှုတစ်ခုကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အာဏာကိုရယူသည့်အခါ ကျောက်စိမ်းတူးဖော်မှု ကဏ္ဍကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည့် ကျယ်ပြန့်သော ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအမံတစ်ရပ်ကို စတင်ခဲ့သည်။ ဤအစီရင်ခံစာ (ကျောက်စိမ်းနှင့် ပဋိပက္ခ- မြန်မာ့အဆိုးသံသရာ) သည် အာဏာရယူပြီး မကြာမီ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလိုင်စင် အသစ်ခွင့်ပြုမှု အားလုံးကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ချက် စတင်သည်မှစ၍ NLD ၏ ပြုပြင် ပြောင်းလဲရေး ကြိုးပမ်းမှုနှင့် ၎င်း၏ အကျိုးသက်ရောက်မှု များကို ဆန်းစစ်ထားပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် တပ်မတော်သည် ကျောက်စိမ်းတူးဖော်မှုတွင် ၎င်း၏ ဦးဆောင်မှုအခန်းကဏ္ဍ ကို ဆက်လက်ထိန်းသိမ်းထားရန် ကြိုးစားပုံ၊ မြန်မာ့ကျောက်စိမ်းကုန်သွယ်မှုအပေါ် ဖေဖော်ဝါရီလ အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှု များနှင့် ကျောက်စိမ်းတူးဖော်မှု အတွင်း ဆက်လက် လှုပ်ရှားနေသော အဓိကလက်နက်ကိုင်အဖွဲ့ တစ်ခုချင်းကို ဖော်ထုတ်၍ တင်ပြထားပါသည်။

ကျောက်မျက်တူးဖော်မှု လိုင်စင်များကို ဆိုင်းငံ့လိုက်ပြီးနောက် NLD သည် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာဆိုင်ရာ မြန်မာ့ စီမံအုပ်ချုပ်မှု ဥပဒေများကို ပြန်လည်သုံးသပ်ခဲ့ပြီး အမျိုးသား ကျောက်မျက်ရတနာ မူဝါဒ တစ်ခုကို ရေးဆွဲရန် ပတ်သက် ဆက်နွယ်သူ ပေါင်းစုံပါဝင်သော အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ကျောက်စိမ်းနှင့် ကျောက်မျက်တူးဖော်ရေး လုပ်ငန်းခွင်များအတွက် ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများကိုလည်း ဆောင်ရွက်ခဲ့သည်။ ကျောက်မျက်ဥပဒေအသစ်ကို ရေးဆွဲခဲ့ (နောက်ပိုင်းတွင်၂၀၁၉ ၌ အတည်ပြုခဲ့) ပြီး ပွင့်လင်းမြင်သာမှု ပိုမိုရှိစေရန် အကျိုးအမြတ်ရရှိသူများ၏ ပိုင်ဆိုင်မှု မှတ်ပုံတင်ကို လူသိရှင်ကြား ထုတ်ပြန်ရန် စီစဉ်ခဲ့ခြင်းအပါအဝင်

အရေးပါသည့် သယံဇာတ တူးဖော်မှုကဏ္ဍတစ်ခုလုံးအတွက် စီမံအုပ်ချုပ်ရေး ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို စတင်ခဲ့သည်။

NLD ၏ ကြိုးပမ်းအားထုတ်မှုများ ရှိသော်လည်း ဤအစီရင်ခံစာတွင် NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ ရပ်တန့်သွားခဲ့ပြီး ကျောက်စိမ်းတွင်းများတွင် အလုပ်လုပ် နေထိုင်ကြသည့် သာမာန်လူ ထောင်ပေါင်းများစွာအတွက် ပိုမိုဆိုးဝါးလာနေစဉ် လက်နက်ကိုင်တပ်ဖွဲ့များနှင့် (အထူးသဖြင့်) တပ်မတော်သည် ၎င်းတို့၏ ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းအပေါ် ထိန်းချုပ်မှုကို မည်သို့ခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့သည်ကို ဖော်ပြထားပါသည်။ နေပြည်တော်၌ ကျောက်မျက်လုပ်ငန်းတွင် ပါဝင်နေသူများက မူဝါဒအပြောင်းအလဲများကို ခုခံဆန့်ကျင်နေကြစဉ် သယံဇာတ တူးဖော်ရေး ကုမ္ပဏီများနှင့် တပ်မတော် ဦးဆောင်သည့် လက်နက်ကိုင် တပ်ဖွဲ့များသည် အောက်ခြေရှိ ပြုပြင်ပြောင်းလဲရေးကို အားနည်းစေခဲ့ပြီး ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများမှာ NLD ၏ ဦးစားပေးအစီအစဉ် ကင်းမဲ့မှုအလယ်တွင် မပြီးဆုံးဘဲ ထိရောက်မှုမရှိ ကျန်ရှိနေခဲ့သည်ကို ဤအစီရင်ခံစာတွင် ဖော်ထုတ်ခဲ့ပါသည်။ ဤခိုင်မာလာသော လက်နက်ကိုင်အဖွဲ့၏ ထိန်းချုပ်မှုသည် တရားမဝင် သယံဇာတ တူးဖော်ခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း နှင့် မှောင်ခိုလုပ်ငန်းများဆောင်ရွက်ခြင်း များကို လွယ်ကူစွာ ဆောင်ရွက်နိုင်စေရန် တပ်မတော်၊ KIO/A နှင့် UWSA/P တို့အကြား တိုက်ရိုက် ပူးပေါင်းဆောင်ရွက်မှုမှ ဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ထိုအဖွဲ့သုံးခုလုံးနှင့် ၎င်းတို့၏ မဟာမိတ်များက ကချင်ပြည်နယ်မှ ကျောက်စိမ်းကြွယ်ဝမှု၏ ဝေစုကို ဆက်လက်ရရှိစေရန် သေချာအောင် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် ပထမအကြိမ် အစိုးရသက်တမ်းအတွင်း ပျက်ပြားခဲ့ရသော်လည်း ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် NLD အပြတ်အသတ် အနိုင်ရရှိခြင်းသည် ကျောက်စိမ်းကဏ္ဍနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုအပေါ် ပြန်လည်အာရုံစူးစိုက်ရန် အခွင့်အလမ်းတစ်ရပ် ဖြစ်စေခဲ့ပါသည်။ သို့သော် စစ်တပ်သည် အမှောင်မိုက်ဆုံး စစ်အစိုးရ အုပ်ချုပ်မှု ဆီသို့ နောက်ပြန်လှည့်ရင်း ဆန္ဒပြသူများနှင့် လူထုကို ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းခဲ့ရာ တပ်မတော် အာဏာသိမ်းမှုသည် တိုင်းပြည်ကို ဆယ်စုနှစ်များစွာ နောက်ပြန်ဆုတ်သွားစေခဲ့သည်။ ၎င်းတွင် ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် မည်သည့် အခွင့်အရေးကိုမဆို ထိရောက်စွာ အဆုံးသတ်လိုက်ခြင်းလည်း ပါဝင်ပါသည်။ အကျင့်ပျက်ခြစားမှု များနှင့် ရှုပ်ထွေးမှုများ ရှိနေသော ကျောက်စိမ်းကဏ္ဍ၏ အဓိက အကျိုးအမြတ်ရရှိသူဖြစ်သည့် အားလျော့စွာ တပ်မတော်သည် ကျောက်စိမ်းလုပ်ငန်း အတွင်း ၎င်း၏ ဩဇာအာဏာကို လျော့ကျစေမည့် အလားအလာရှိနေသည့် ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ဆောင်ရွက်ရန် စိတ်ဝင်စားမှု နည်းပါသည်။

အာဏာသိမ်းမှုသည် တပ်မတော်၏ အင်အားကို တိုးမြှင့်ပေးပြီး ၎င်း၏ အဆိုးဝါးဆုံး ဥပဒေမဲ့ လုပ်ရပ်များကို အကာအကွယ်ပြု ပေးမည့် စီးပွားရေး

အကျိုးအမြတ်များရှိရာ အခန်းကဏ္ဍကို ပြန်လည်အာရုံစိုက်လာခဲ့သည်။ ၎င်းတွင် ကျောက်စိမ်းလုပ်ငန်း ပါဝင်ပြီး ဤအစီရင်ခံစာတွင် အာဏာသိမ်းမှုသည် တပ်မတော်နှင့် KIO/A တို့ ဖားကန့်နှင့် ကချင်ပြည်နယ်ကို ထိန်းချုပ်ရန် တိုက်ခိုက်ရာမှ ကျောက်စိမ်းတွင်းများနှင့် အနီးဝန်းကျင်တွင် ပဋိပက္ခများကို မည်သို့ပြန်လည် ဖြစ်ပေါ်စေခဲ့သည်ကို ဖော်ပြထားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တကျော့ပြန် လက်နက်ကိုင် ပဋိပက္ခသည် အဓိက ကုန်သွယ်ရေးနှင့် တရုတ်နိုင်ငံသို့ မှောင်ခိုကုန်သွယ်သည့် လမ်းကြောင်းကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ထို့ပြင် ပဋိပက္ခသည် ဖားကန့်တွင် ရှိနေခဲ့သည့် ထိလွယ်ရှလွယ်သည့် ဟန်ချက်ညီမှုကို ကမောက်ကမ ဖြစ်စေခဲ့သောကြောင့် ကျောက်စိမ်း လုပ်ငန်းတွင် မရေရာသော အခြေအနေ တစ်ခုကို ဖြစ်ပေါ်စေခဲ့ပါသည်။

အာဏာသိမ်းမှုသည် ကျောက်စိမ်းလုပ်ငန်းတွင် ယခင် စစ်အုပ်ချုပ်ရေး ကာလကဲ့သို့သော အခြေအနေမျိုးအတွက် ကျယ်ပြန့်စွာ တံခါးဖွင့်ပေး လိုက်ခြင်းလည်း ဖြစ်ပါသည်။ တပ်မတော်သည် လိုင်စင်နှင့် စည်းမျဉ်းဥပဒေဆိုင်ရာ ဗျူရိုကရေစီကို အပြည့်အဝ ထိန်းချုပ်လိုက်ခြင်းနှင့်အတူ ကျောက်စိမ်းလုပ်ငန်းသည် မြန်မာ့စစ်အစိုးရသစ်အတွက် လက်တွေ့ အထောက်အပံ့ပြုမည့် အရင်းအမြစ်နှင့် တရားမဝင် ရန်ပုံငွေ ဖြစ်လာနိုင်သည့် အန္တရာယ်ရှိနေပါသည်။ ကျောက်စိမ်းရောင်းဝယ်မှုနှင့် အခွန်ကောက်ခံမှု များမှ ဝင်ငွေသည် တပ်မတော်ကို မြန်မာနိုင်ငံသားများအပေါ် ရက်စက်သော ဖိနှိပ်မှုများဆောင်ရွက်နိုင်ရန် အထောက်အပံ့ ပြုနေပါသည်။ တပ်မတော်သည် နိုင်ငံရေး ထောက်ခံမှုရရှိစေရန် အပြန်အလှန်သဘောဖြင့် ၎င်း၏ကိုယ်ပိုင် ကုမ္ပဏီများနှင့် နိုင်ငံရေးမဟာမိတ် များကို လိုင်စင်ခွင့်ပြုပေးသည့် ယခင် အလေ့အကျင့်များကို ပြန်လည်လုပ်ဆောင်လာနိုင်ပါသည်။

ဤအစီရင်ခံစာသည် အဓိပ္ပါယ်ပြည့်ဝသော ပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်နိုင်ခြေကို အာဏာသိမ်းမှုက ဖျက်ဆီးလိုက်ခြင်းနှင့် အတူ အထူးသဖြင့် ယခုအချိန်တွင် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုအတွက် လွယ်ကူသော အဖြေမရှိကြောင်း ဖော်ပြနေပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှစ်ခုလုံး၏ အာရုံစိုက်မှုသည် တရားဝင်အစိုးရထံ အာဏာပြန်လည် အပ်နှင်းနိုင်ရေးနှင့် မြန်မာပြည်သူများကို ၎င်းတို့၏ အနာဂတ်အတွက် ကြိုးပမ်းနေရာ၌ ထောက်ပံ့ပေးရန် ရှိရပေမည်။ ဆိုလိုသည်မှာ ကျောက်စိမ်း လုပ်ငန်းတွင် စီးပွားရေးပိတ်ဆို့မှုများနှင့် သွင်းကုန်ပိတ်ပင်မှုများမှ တဆင့် ကျောက်စိမ်းမှဝင်ငွေကို စစ်တပ်ဆီသို့ စီးဆင်းခြင်းအား ဖြစ်နိုင်သမျှ တားဆီးရန် ဆောင်ရွက်ရမည်။

သို့သော် အချို့သော အရာများကို ပြည်တွင်း၌ပင် ဆောင်ရွက်နိုင်ပါသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သော အမျိုးသားညီညွတ်ရေး အစိုးရသည် နိုင်ငံ၏ အနာဂတ်အတွက် ၎င်း၏ မျှော်မှန်းချက်ကို ဖက်ဒရယ် ပြည်ထောင်စုအဖြစ် ဖော်ပြထားရာ သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုကို အထူးဦးစားပေးနေရာတွင် ထားရှိဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတစ်ရပ် ရှိနေပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသမျှ အရာအားလုံးကို

စဥ်းစားသုံးသပ်သည့်အခါ ကျောက်စိမ်းကဏ္ဍကို အနာဂတ်အတွက် ကယ်တင်ရန် အရေးမကြီးသည့် အကြောင်းအရာတစ်ခု အသွင်ဆောင်နေနိုင်ပါသည်။ ၎င်းသည် အမှားတစ်ခု ဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေး အစိုးရသည် ကြာရှည်စွာ အမြတ်ထုတ်ခံထားရသည့် တိုင်းရင်းသား လူနည်းစုများ အထူးသဖြင့် ကချင်နှင့်ရှမ်းတို့ ထံမှ ထောက်ခံမှုနှင့် ခိုင်မာစွာ နေရာရယူလိုပါက မြန်မာ့သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ပိုမိုမျှတ၍ အားလုံးပါဝင်ပြီး တာဝန်ယူမှုရှိသော စနစ်တစ်ခု ပေါ်ထွက်လာရေးကို အာရုံစိုက်သင့်ပါသည်။ ၎င်းတွင် ဒေသခံနှင့် ဌာနေအသိုင်းအဝိုင်း တို့၏ အခွင့်အရေးများကို စစ်မှန်သည့် ဖက်ဒရယ်စနစ် တစ်ခုအတွင်း အထူးဦးစားပေး ထည့်သွင်းထားရန် လိုအပ်ပါသည်။ သေနတ် ကိုင်ဆောင်ထားသူများသည် မြန်မာ့ အကြွယ်ဝဆုံး သဘာဝသယံဇာတဘဏ္ဍာတိုက် တစ်ခုမှ ရရှိသော ကြွယ်ဝလှသည့် စည်းစိမ်ဥစ္စာကို ထိန်းချုပ်ထားသမျှ မည်သည့်အခါမျှ ငြိမ်းချမ်းမှု ရှိမည်မဟုတ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့သော် ယခုကာလသည် အနာဂတ်အတွက် အစီအစဥ်ရေးဆွဲရမည့် အချိန်ပင် ဖြစ်ပါသည်။

## အဓိကတွေ့ရှိချက်များအပေါ် သုံးသပ်ချက်

### *ကျောက်စိမ်းနှင့် NLD*

**ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းသည် မြန်မာနိုင်ငံရှိ ပဋိပက္ခများကို ငွေကြေးထောက်ပံ့လျက်ရှိသော ရှည်လျားလှသည့် တရားမဝင် စီးပွားရေး သမိုင်းကြောင်းတစ်ခု၏ အစိတ်အပိုင်းဖြစ်ပြီး တိုင်းပြည်ကို ဖိစီးနှိပ်စက်လျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများနှင့် နက်ရှိုင်းစွာ ဆက်စပ်လျက်ရှိပါသည်။ ဤအစီရင်**ခံစာတွင် ဖော်ပြသည့်အတိုင်း ကျောက်စိမ်း လုပ်ငန်းမှ ဝင်ငွေသည် မြန်မာပြည်မြောက်ပိုင်းမှ လက်နက်ကိုင်ပဋိပက္ခများကို ငွေကြေးထောက်ပံ့လျက်ရှိသည်။ ကျောက်စိမ်းဝင်ငွေသည် ဘက်တစ်ခု တည်းကိုသာမဟုတ်ဘဲ မြန်မာပြည်မြောက်ပိုင်းရှိ လက်နက်ကိုင် အဖွဲ့အားလုံးနီးပါး၏ ဘဏ္ဍာတိုက်များဆီသို့ ထောက်ပံ့ပေးလျက် ရှိသည်။ ထိုအဖွဲ့များတွင် တပ်မတော်၊ ကချင်လွတ်မြောက်ရေး တပ်မတော်၊ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်၊ ရက္ခိုင့်တပ်တော် တို့အပြင် များပြားလှသည့် ပြည်သူ့စစ် အဖွဲ့ငယ်များနှင့် နယ်ခြားစောင့် တပ်များပါမကျန် ပါဝင်နေပါသည်။ ထိုအဖွဲ့များအားလုံး၏ ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေအပေါ် မှီခိုနေရမှုသည် သဘာဝသယံဇာတ အုပ်ချုပ်ရေး၏ အရေးပါမှုကို ဖော်ပြလျက်ရှိပြီး ၎င်းကဏ္ဍအပေါ် ပြုပြင် ပြောင်းလဲရေး ဆိုင်ရာ ရှုပ်ထွေးမှုများ သည်လည်း မြင့်တက်လျက်ရှိပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသည် ကျောက်စိမ်းတူးဖော်မှုကဏ္ဍကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ကတိကဝတ်များဖြင့် အာဏာရရှိလာခဲ့သော်လည်း လက်နက်ကိုင်အဖွဲ့များနှင့် (အထူးသဖြင့်) တပ်မတော်သည် မြန်မာ့ ကျောက်စိမ်းတွင်းများအပေါ် ၎င်းတို့၏ ထိန်းချုပ်မှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။** ၂၀၁၆ ခုနှစ်တွင်

အာဏာရရှိပြီးနောက် NLD သည် ကျောက်စိမ်းတူးဖော်မှု လိုင်စင်အသစ်ခွင့်ပြုခြင်းအား ဆိုင်းငံ့ခဲ့ပြီး စည်းကမ်းထိမ်းသိမ်းရန်နှင့် ကျောက်စိမ်းတူးဖော်မှုမှ ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး ထိခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပါသည်။ သို့သော် ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းအတွင်းရှိ အကျိုးအမြတ် ရရှိသူများက ပြုပြင်ပြောင်းလဲရေးအား ခုခံဆန့်ကျင်ခဲ့သည့်အတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် ရပ်တန့်သွားခဲ့ရပါသည်။ အစိုးရ၏ အာရုံစူးစိုက်မှု ကင်းမဲ့ခြင်းသည်လည်း အမျိုးသား ကျောက်မျက်ဥပဒေအား ဗျူရိုကရေစီ ယန္တယားအောက်တွင် သုံးသပ်သည့်အဆင့်၌ သောင်တင်နေစေခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ကျောက်စိမ်းလုပ်ငန်းသည် ရှုပ်ထွေး၍ ချို့ယွင်းချက်များပြားသော စည်းမျဉ်းဥပဒေများနှင့် ဥပဒေချိုးဖောက်မှုများ၊ ညံ့ဖျင်းသည့် ကိုင်တွယ်ပုံများအကြား လည်ပတ်နေခဲ့ပါသည်။ လက်နက်ကိုင်အဖွဲ့များသည် ဖားကန့်နှင့် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းအပေါ် ၎င်းတို့၏ ထိန်းချုပ်မှု တိုးမြင့်လာစေရန် ဆက်လက် ဖြစ်ပေါ်နေသော အာဏာ လစ်လပ်နေမှုကို အမြတ်ထုတ်နိုင်ခဲ့ကြသည်။ ယင်းအချက်သည် အထူးသဖြင့် မြန်မာ့စစ်တပ်အတွက် မှန်ကန်ပါသည်။ NLD အုပ်ချုပ်သည့် ငါးနှစ်တာကာလအတွင်း မြန်မာ့ကျောက်စိမ်းတွင်းများ အပေါ် လက်နက်ကိုင်အဖွဲ့များ၏ ချုပ်ကိုင်မှုသည် ပိုမိုခိုင်မာလာခဲ့ပါသည်။

**ဖေဖော်ဝါရီ ၁ရက်နေ့ အာဏာသိမ်းမှုသည် နောက်သက်တမ်းတွင် အမှန်တကယ်ပြုပြင်ပြောင်းလဲနိုင်မည့် ဖြစ်နိုင်ခြေကို ချေဖျက် လိုက်ခြင်းဖြစ်ပြီး တချိန်တည်းမှာပင် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းကို စစ်အာဏာရှင်အုပ်ချုပ်သည့် အမှောင်ခေတ်ဆီသို့ ဆယ်စုနှစ်တစ်ခုစာ နောက်ပြန်လှည့်သွားစေခဲ့သည်။**

NLD သည် အာဏာရရှိခဲ့သည့် ၂၀၁၆-၂၀၂၁ ပထမသက်တမ်းအတွင်း ၎င်း၏ ပြုပြင်ပြောင်းလဲရေး ကတိကဝတ်ကို ဖြည့်ဆည်းပေးနိုင်စွမ်း မရှိခဲ့ပေ။ သို့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိပြီးနောက် သဘာဝ သယံဇာတ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို NLD က ပြန်လည်အာရုံစိုက်ရန်နှင့် ရရှိထားသည့် တိုးတက်မှုများကို ခိုင်မာအောင်ဆောင်ရွက်ရန် မျှော်လင့်ချက် ရှိလာခဲ့သည်။ တပ်မတော်၏ နိုင်ငံကို အကြမ်းဖက်၍ ပြန်လည်ထိန်းချုပ်ရန် ကြိုးပမ်းမှုနှင့်အတူ NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်မှာ ယခုအချိန်တွင် ကျဆုံးသွားပြီ ဖြစ်သည်။ ထို့အပြင် တပ်မတော်နှင့် KIO/A အကြား ဖားကန့်နှင့် ခန္တီး တဝိုက်တွင် ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားလာသည့်အတွက် အာဏာသိမ်းမှုသည် မြန်မာ့ကျောက်စိမ်းတူးဖော်ရေး ဒေသများတွင် အကြမ်းဖက်မှုများ မြင့်တက်လာစေခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပြင်းထန်သည့်တိုက်ပွဲများကလည်း ပင်မ ကျောက်စိမ်းကုန်သွယ်မှု နှင့် မူဆယ်-ရွှေလီ နယ်စပ်မှ တရုတ်နိုင်ငံထဲသို့ဝင်ရောက်သော မှောင်ခိုလမ်းကြောင်းကို အနှောက်အယှက်ဖြစ်စေပါသည်။ အာဏာသိမ်းမှုသည် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ် နေသော ကျောက်စိမ်း-

ပဋိပက္ခ ဆက်စပ်မှု သဘောသဘာဝကို ထပ်လောင်း အတည်ပြုခဲ့ပါသည်။

## *တပ်မတော်သည် ၎င်း၏ ချုပ်ကိုင်မှုကို တိုးမြှင့်ခဲ့သည်*

**စစ်တပ်ပိုင် လုပ်ငန်းစုကြီးများသည် ၂၀၁၆ ခုနှစ် အစောပိုင်းတွင် စစ်တပ်နှင့် ချိတ်ဆက်မှုရှိသော အစိုးရထံမှ လိုင်စင် ရာပေါင်းများစွာ ရယူထားခဲ့ခြင်းအားဖြင့် NLD လက်အောက်ရှိ ကျောက်စိမ်းလုပ်ငန်းကို ဆက်လက်လွှမ်းမိုးထားဆဲ ဖြစ်သည်။** လိုင်စင်ခွင့်ပြုပေးမှု ရပ်တန့်ထားသည့် ကာလတွင် စစ်တပ်ပိုင် လုပ်ငန်းစုကြီးဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများသည် နိုင်ငံအတွင်းရှိ အခြားမည်သည့် ကုမ္ပဏီများထက်မဆို ကျောက်စိမ်းလိုင်စင်များ ကိုင်ဆောင်ထား ကြပါသည်။ ထိုလိုင်စင်အများစုသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်း သိန်းစိန်အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ပထမ သုံးလအတွင်း MEHL လက်အောက်ခံကုမ္ပဏီများထံသို့ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး NLD အစိုးရ မတက်မီ တပ်မတော်အတွက် ကြီးမားသည့် ငွေကြေးအကျိုးအမြတ်တစ်ခု ဖြစ်ခဲ့သည်။

**ကျောက်စိမ်းလုပ်ငန်းမှ အကျင့်ပျက် ခြစားမှုသည် အာဏာသိမ်းချိန်တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိသားစု အပါအဝင် တပ်မတော်၏ ထိပ်ပိုင်းအထိ ပျံ့နှံ့နေပါသည်။** NLD အစိုးရလက်ထက်တွင်ပင် အကျင့်ပျက်ခြစားမှုသည် တပ်မတော်အတွင်း မြင့်တက်လျက်ရှိနေခဲ့ပါသည်။ အကြီးတန်းအရာရှိများသည် များပြားလှသော လာဘ်ငွေများကို ရရှိနိုင်ပြီး ၎င်းတို့၏ မဟာမိတ်များ ပိုင်ဆိုင်သည့် ကုမ္ပဏီများကို လိုင်စင်များခွဲဝေပေးနိုင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် ဖားကန့်ရှိ နယ်မြေ (၁၀၁) တပ်မှူး ရာထူးကို ခိုင်မာစေရန် ငွေကြေးအမြောက်အများ ပေးခဲ့ကြသည်။ ဤအစီရင်ခံစာတွင် ဒိုင်းနမိုက် တင်သွင်းခွင့် ရစေရန် လာဘ်ငွေ များကို ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၏ သား အောင်ပြည့်စုံ နှင့်ဆက်စပ်လျက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပေးခဲ့ရကြောင်း ယုံကြည်လောက်သည့် စွပ်စွဲချက်များကို တင်ပြထားသည့်အတိုင်း အကျင့်ပျက်ခြစားမှုများသည် တပ်မတော် ထိပ်ဆုံး အဆင့်အထိ ရောက်ရှိနေပါသည်။

**ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းသည် အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်ချုပ်ရေးကို ထောက်ကူပေးနိုင်သော နိုင်ငံရေးထောက်ပံ့မှု အရင်းအမြစ်နှင့် တပ်မတော်၏ သီးခြားရန်ပုံငွေ ဖြစ်လာမည့် အန္တရာယ် ရှိနေပါသည်။** အာဏာသိမ်းမှုသည် တပ်မတော်အား မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း အပါအဝင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအပေါ် ထိန်းချုပ်မှုအာဏာနှင့် လိုင်စင်ခွင့်ပြုပေးသည့် ဗျူရိုကရေစီယန္တယားကို တိုက်ရိုက် ပြန်လည်ထိန်းချုပ်ရန် ခွင့်ပြုပေးခဲ့ပါသည်။ လိုင်စင်ခွင့်ပြုခြင်းကို ယခု အစီရင်ခံစာ ရေးသားစဉ်ကာလတွင် စတင်ခြင်း မရှိသေးသော်လည်း တပ်မတော်သည် လိုင်စင်ခွင့်ပြုပေးခြင်းကို ပြန်လည်စတင်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် ရန်ပုံငွေရရှိရန် လိုင်စင်အများအပြားကို ရောင်းထုတ်မည့် အန္တရာယ်

ရှိနေပါသည်။ ထို့ပြင် ယခင်စစ်အစိုးရသည် နိုင်ငံရေးနှင့် စစ်ရေး ထောက်ခံမှုအတွက် အလဲအလှယ်အဖြစ် အမြတ်ထုတ်သည့်အနေဖြင့် လိုင်စင်များကို ခွင့်ပြုပေးခဲ့ခြင်းနှင့် ဝင်ငွေအတွက် သဘာဝသယံဇာတများကို ရောင်းချခဲ့သည့် ရှည်လျားသော သမိုင်းကြောင်းတစ်ခု ရှိနေခဲ့ပါသည်။ တပ်မတော်သည် တိုင်းပြည်ကို ထိန်းချုပ်မှုခိုင်မာစေရန် ကြိုးစားနေစဉ် ၎င်းသည် နိုင်ငံရေးထောက်ခံမှုကို ကျောက်စိမ်းတူးဖော်မှု လိုင်စင်ဖြင့် ဝယ်ယူရန် ပြန်လည်ကြိုးစားလာမည့် သိသာထင်ရှားသည့် အန္တရာယ် ရှိနေပါသည်။

## *တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ကျောက်စိမ်း*

**ဖားကန့်အနီးတစိုက်ရှိ ဥပဒေမဲ့ ပတ်ဝန်းကျင်သည် အကျင့်ပျက်ခြစားမှုများကို အထောက်အကူပြုလျက်ရှိပြီး ကာလရှည်ကြာ တိုက်ခိုက်ခဲ့ကြသည့် ရန်ဘက်များအား ၎င်းတို့၏ လိုင်စင်များ သက်တမ်းမကုန်မီ ပိုမိုမြန်ဆန် အန္တရာယ်ရှိစွာ တူးဖော်ရန် အတူလက်တွဲ ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။** ၎င်းတို့သည် မြန်မာနိုင်ငံ၏ အခြားနေရာများတွင် တိုက်ပွဲများ ဆင်နွှဲနေကြသော်လည်း လက်နက်ကိုင်အဖွဲ့များ အတွက် ဖားကန့်သည် အတူပူးပေါင်းဆောင်ရွက်ရေး ဒေသတစ်ခု ဖြစ်လာခဲ့ပါသည်။ ဤအစီရင်ခံစာသည် တပ်မတော်၊ KIA၊ UWSA နှင့် များပြားလှသော အခြား လက်နက်ကိုင်အဖွဲ့များသည် ကျောက်စိမ်းအပေါ် အခွန်ကောက်ခံခြင်းနှင့် အကျိုးအမြတ် ရယူရန် မည်သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို ဖော်ပြထားပါသည်။ ထိုပူးပေါင်းဆောင်ရွက်မှုကို အစုလိုက် အကျင့်ပျက်ခြစားမှုများ အထူးသဖြင့် တူးဖော်ခွင့်လိုင်စင်များနှင့် တရားဝင်နှင့် တရားမဝင် အခွန်နှစ်ရပ်စလုံး ကောက်ခံမှုများက အားဖြည့်ပေးခဲ့ပါသည်။ လိုင်စင်သက်တမ်း မကုန်မီ အမြန်ဆုံး ကျောက်စိမ်းတူးဖော်ရန် ပူးပေါင်းဆောင်ရွက်မှုသည် မကြာခဏ တရားဝင်မှုအပေါ် သံသယဖြစ်ဖွယ်ရှိသော တူးဖော်ရေး အစီအစဉ်များကို တွေ့ရှိရပြီး ကုမ္ပဏီများအား လူသေနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များရှိနေသည့် အန္တရာယ်မကင်းသော တူးဖော်မှု အလေ့အကျင့်များဆီသို့ ဦးတည်စေခဲ့သည်။

**အာဏာမသိမ်းမီကာလတွင် ကျောက်စိမ်းမှ ဝင်ငွေသည် မြန်မာ့နိုင်ငံရှိ ပဋိပက္ခပေါင်းစုံကို အားဖြည့်ပေးနေသည့် လက်နက်ရောင်းဝယ်မှုတွင် တိုက်ရိုက် ပါဝင်ပတ်သက်နေခဲ့ပါသည်။** UWSA သည် ၎င်း၏ ကိုယ်ပိုင်စက်ရုံမှ ထုတ်လုပ်သည့် လက်နက်များအား ပေးအပ်ခြင်းအားဖြင့် KIA ထံသို့ ကျောက်စိမ်းနှင့်ဆက်နွယ်သည့် အခွန်များကို ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် KIA သည် ထိုလက်နက်များကို (တခါတရံလျှော့ဈေးဖြင့်) ရက္ခိုင့်တပ်တော်သို့ ရောင်းချခဲ့ပါသည်။ ဤ "လက်နက်အတွက် ကျောက်စိမ်း" စီးပွားရေးသည် ကျောက်စိမ်း-ပဋိပက္ခ ဆက်နွယ်မှု၏ အမြင်သာဆုံး ဖော်ပြချက်တစ်ခု ဖြစ်နိုင်ပြီး မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု အရေးကိစ္စများ ချိတ်ဆက်ခြင်း၏ အရေးပါမှုကို ရှင်းလင်းစွာ ပြသခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း လက်နက်လိုအပ်ချက်များ မြင့်တက်လာသည်နှင့်အမျှ

လက်နက်အတွက် ကျောက်စိမ်း အပေးအယူ များသည် ဆက်လက်ဖြစ်ပေါ်နေမည့် သဘောရှိပါသည်။

**KIO/A အတွင်း အကျင့်ပျက်ခြစားမှုနှင့် အကျိုးစီးပွား ပဋိပက္ခသည် ပြဿနာတစ်ရပ် ဖြစ်ခဲ့ပါသည်။** ဤအစီရင်ခံစာသည် ကျောက်စိမ်းတုံးများကို တန်ဘိုးလျှော့ချတွက်ချက်ရန် (ထို့ကြောင့်အခွန်လည်းလျှော့ကျသွားစေရန်) လာဘ်ယူခဲ့သည်ဟု စွပ်စွဲခံ ထားရသည့် KIA ၏ ကျောက်စိမ်း ရာဖြတ်ကော်မတီ၏ အကျင့်ပျက်ခြစားမှုနှင့် ဆက်စပ်သော သက်သေအသစ်များ ကို ဖော်ပြထားပါသည်။ KIO/A သည် အခွန်ဝင်ငွေနှင့် လုပ်ပိုင်ခွင့်အခကြေးငွေ ရရှိစေရန် ကုမ္ပဏီများသို့ တူးဖော်ခွင့် ပါမစ်များ ထုတ်ပေးခဲ့ပါသည်။ KIO/A အရာရှိများသည် အပိုဝင်ငွေရရှိစေရန် များသောအားဖြင့် တစ်ဦးချင်းမှ အကျိုးအမြတ် ရရှိနိုင်သော လိုင်စင်မဲ့ ကျောက်စိမ်းလုပ်ကွက် သို့မဟုတ် ကုမ္ပဏီဖြစ်သည့် ၎င်းတို့၏ ကိုယ်ပိုင် ကျောက်စိမ်းတူးဖော်ခြင်းမှ အကျိုးစီးပွားများကို ထိန်းချုပ်ထားပါသည်။ ၎င်းတွင် KIA ဥက္ကဋ္ဌ N'Ban La ပါဝင်ပြီး ၎င်း၏ မိသားစုသည် ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းမျိုးစုံ ပိုင်ဆိုင်နေပါသည်။

**ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းသည် ရက္ခိုင့်တပ်တော် အင်အားကြီးထွားလာမှုကို အထောက်အကူပြုခဲ့ပါသည်။** ရက္ခိုင့်တပ်တော်သည် ကျောက်စိမ်းကဏ္ဍ အတွင်း အရေးပါသော ကစားသမားအသစ်အဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ဤလေ့လာမှုတွင် ကျောက်စိမ်းလုပ်ငန်းမှ ငွေများကို ရက္ခိုင့်တပ်တော်သည် ငွေစီးဆင်းမှု လမ်းကြောင်းပေါင်းစုံမှတဆင့် မည်သို့ရရှိလာခဲ့သည်ကို ဖော်ထုတ်ထားပါသည်။ ၎င်းတွင် ရေမဆေးကျောက်ရှာသည့် လုပ်ငန်းများ၊ ရခိုင်လူမျိုးပိုင် ကုမ္ပဏီများနှင့် ရခိုင်ကျောက်တူးသမားများထံမှ တရားမဝင်အခွန် ကောက်ခံခြင်းများ နှင့် KIA နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်ပါသည်။ ၎င်းသည် ရရှိသည့်ဝင်ငွေများကို ရခိုင်နှင့် ချင်းပြည်နယ်တွင် တပ်မတော်ကို ဆန့်ကျင်မည့် ၎င်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အသုံးပြုခဲ့ပါသည်။ ထိုပဋိပက္ခအတွင်း ၂၀၁၈ ခုနှစ်မှစ၍ လူပေါင်း ၁၃၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပါသည်။ ရက္ခိုင့်တပ်တော်သည် အားကိုးရာမဲ့ဖြစ်နေသော ရေမဆေးသမားများ၊ ဖားကန့်သို့ကျောက်တူးရန် သွားသော်လည်း ဆိုးဝါးသည့် မြေပြိုမှုများ၊ မူးယစ်ဆေးနှင့် မိုင်းတွင်းနေ့စဉ်ဘဝ၏ အစိတ်အပိုင်းဖြစ်သော ပဋိပက္ခများနှင့် ရင်ဆိုင်တွေ့နေရသူများအကြား တပ်သားသစ် စုဆောင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။

**ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်သည် ဖားကန့်တွင် အရေးပါသည့် အင်အားကြီး အဖွဲ့တစ်ခု ဖြစ်လာခဲ့ပါသည်။** ၁၉၉၉ ခုနှစ်များအတွင်း စစ်အစိုးရထံမှ ကျောက်စိမ်းတူးဖော်ခွင့် ပါမစ်ရရှိခဲ့သည့် ပထမဆုံးအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည့် UWSA သည် လွန်ခဲ့သည့် ငါးနှစ်အတွင်း ဖားကန့်တွင် ၎င်း၏ ဦးဆောင်မှုကဏ္ဍကို ခိုင်မာအောင်တည်ဆောက်ခဲ့သည်။ ဤအဖွဲ့သည် မြန်မာ့ကျောက်စိမ်းတူးဖော်ရေး ဒေသများတွင် ကုမ္ပဏီ ဒါဇင်ပေါင်းများစွာကို စီမံလျက်ရှိပြီး KIA နှင့် တပ်မတော်အကြား တူးဖော်ခြင်းနှင့် အခွန်ကောက်ခံမှု အစီအစဉ်များအတွက် အဓိက ကြားခံအဖြစ်

ဆောင်ရွက်လျက်ရှိပါသည်။ လိုင်စင်ခွင့်ပြုပေးခြင်း ကို ဆိုင်းငံ့လိုက်သည့်နောက်ပိုင်း အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာသည့်အတွက် ၎င်း၏ ကဏ္ဍသည် ပိုမို အရေးပါလာခဲ့သည်။

## *လိုင်စင်ခွင့်ပြုခြင်းကို ဆိုင်းငံ့ပြီးနောက်ပိုင်း*

**မှောင်ခိုလုပ်ငန်းများ အလွန်များပြားလျက်ရှိပြီး ကိုဗစ်-၁၉ အကြပ်အတည်းနှင့် အာဏာသိမ်းမှု ဖြစ်ရပ်များသည် ကျောက်စိမ်းလုပ်ငန်း အခြေအနေကို ပိုမိုဆိုးဝါးစေမည့် အန္တရာယ်ရှိနေပါသည်။** ဤအစီရင်ခံစာတွင် အာဏာမသိမ်းမီ ကာလ အတွင်း မြန်မာနိုင်ငံ၏ တရားဝင် မည်သည့် အုပ်ချုပ်ရေး ယန္တရားကိုမျှ ဖြတ်သန်းခြင်းမရှိဘဲ ကျောက်စိမ်းတွင်းအားလုံး၏ ၇၀% မှ ၉၀% မှာ တိုင်းပြည်ပြင်ပနှင့် တရုတ်ပြည်ဆီသို့ မှောင်ခိုတင်ပို့ခဲ့ကြောင်း ဖော်ပြထားပါသည်။ ၎င်းသည် လိုင်စင်ထုတ်ပေးမှု ဆိုင်းငံ့ခြင်း မတိုင်မီ မှောင်ခို တင်ပို့သည့် ကျောက်စိမ်း၏ ခန့်မှန်းခြေ ၅၀-၇၀% မှ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ်၏ သယံဇာတများသည် လုယူခံနေရပြီး ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော အရေးကြီးသည့် လိုအပ်ချက်များကို ထောက်ပံ့ပေးရန် အသုံးပြုနိုင်မည့် ကချင်ပြည်နယ် သို့မဟုတ် ကချင်လူမျိုးများအတွက်မူ အနည်းငယ်မျှသော အကျိုးအမြတ်ကိုသာ ရရှိစေပါသည်။ ကိုဗစ်-၁၉ အကြပ်အတည်းကြောင့် တရားဝင် ကျောက်စိမ်းပြပွဲများကို ပိတ်ပင်ထားခြင်းသည် ကုန်သည်များအတွက် တန်ဖိုးမြင့် ကျောက်စိမ်းများကို တရားဝင် ရောင်းချရန် နည်းလမ်းမရှိတော့ဘဲ မှောင်ခိုလုပ်ငန်းအပေါ် စိတ်ဝင်စားမှုများကိုသာ မြင့်တက် စေခဲ့ပါသည်။

**လိုင်စင်ထုတ်ပေးမှု ဆိုင်းငံ့ပြီးနောက်ပိုင်း ကုမ္ပဏီများက အန္တရာယ်မကင်းသော တူးဖော်မှု အလေ့အထများကို ကျင့်သုံးမှု မြင့်တက်လာခြင်းသည် ဖားကန့်တွင်အလုပ်လုပ်နေကြသော ရေမဆေး လုပ်သားများအကြား အသက်ဆုံးရှုံးမှုများနှင့် ပြင်းထန်သည့် မတော်တဆမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။** ကိုဗစ်-၁၉ နှင့် အာဏာသိမ်းမှုမတိုင်မီ ရေမဆေးလုပ်သားဟု ခေါ်ကြသည့် လွတ်လပ်သည့် ကျောက်စိမ်းရှာဖွေကြသူ ၄၀၀၀၀၀ ကျော်သည် စားဝတ်နေရေးအတွက် ငွေကြေးရှာဖွေရန် ဖားကန့်သို့ နှစ်စဉ်သွားရောက်ကြပါသည်။ လိုင်စင်ထုတ်ပေးမှု ဆိုင်းငံ့ခြင်းသည် ကုမ္ပဏီများအား ၎င်းတို့၏ လိုင်စင်များ သက်တမ်း မကုန်မီ ကျောက်စိမ်းပိုမို တူးဖော်ရေးအတွက် ဘေးကင်းလုံခြုံရေး အစီအမံများကို မျက်ကွယ်ပြုရန် တွန်းအားပေးသည့် မလျော်ကန်သည့် သက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့သောကြောင့် ထိုလုပ်သားများသည် ပို၍ အန္တရာယ်များသည့် အခြေအနေများတွင် အလုပ် လုပ်နေခဲ့ရပါသည်။ ထိုသို့ အန္တရာယ်မကင်းသည့် တူးဖော်မှုများသည် ၂၀၁၉ ခုနှစ် ဧပြီလနှင့် ၂၀၂၀ ခုနှစ် ဇူလိုင်လတို့တွင် ဖြစ်ပွားခဲ့သော လူ၂၀၀ကျော် သေဆုံးခဲ့ရသည့် မြေပြိုမှုနှစ်ခုကို တိုက်ရိုက် ဖြစ်ပွားစေခဲ့ပါသည်။

# အကြံပြုချက်များ

## *ကြီးမားသည့် မြင်ကွင်း*

Global Witness က ဤအစီရင်ခံစာအတွက် သုတေသနပြုသည့်အချိန်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် လိုအပ်ချက်များစွာ ရှိနေသေးသော်လည်း ကျောက်စိမ်းကဏ္ဍသည် တဖြေးဖြေး လမ်းမှန်ပေါ်သို့ ရောက်ရှိနေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထို့ကြောင့် Global Witness သည် ဤအစီရင်ခံစာကို NLD အား ပြုပြင်ပြောင်းလဲရေး အပေါ်ပြန်လည်ဦးစားပေးရေးနှင့် ၎င်း၏ ကနဦးအဆင့်တွင် လျစ်လျူရှုခဲ့သော ပြဿနာများကို ဖြေရှင်းရေး တွန်းအားပေးရန် အခွင့်အလမ်း တစ်ရပ်အဖြစ် ရှုမြင်ခဲ့ပါသည်။ တိကျသော မူဝါဒ ဆိုင်ရာ အကြံပြုချက်များအပြင် Global Witness သည် အပြောင်းအလဲကို အဟန့်အတားဖြစ်စေသော ကျယ်ပြန့်သော ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ ပြဿနာ လေးခုကို ဖော်ထုတ်ခဲ့ပါသည်။ ထိုပြဿနာများကို ဖြေရှင်းခြင်းသည် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို ချိုးဖျက်ရန်အတွက် အခရာကျသည့် အချက်ဖြစ်ပါသည်။

ပထမအချက်အနေဖြင့် ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံ၏ မူဝါဒရေးဆွဲသူများမှ အစိုးရထိပ်ပိုင်းအထိ အားလုံးအတွက် အထူးဦးစားပေး လုပ်ငန်းစဉ်ဖြစ်ရန် လိုအပ်ပါသည်။ မြန်မာ့ ရွေးကောက်ခံခေါင်းဆောင်များ၏ ဆောင်ရွက်မှု မပါရှိပါက များစွာ ဆုံးရှုံးနစ်နာမည့် ပါဝင်ပတ်သက်သူများစွာသည် NLD လက်အောက်တွင် ၎င်းတို့ လုပ်ခဲ့သည့်အတိုင်း အဓိပ္ပါယ်ပြည့်ဝသော ပြုပြင်ပြောင်းလဲရေးကို ရှုထောင်းတိုင်းမှ အားနည်းအောင်ဆောင်ရွက်ပါလိမ့်မည်။

ဒုတိယအချက်အနေဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုသည် ငြိမ်းချမ်းရေး ဖြစ်စဉ်၏ အခြေခံ ကျသော အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သဘာဝ သယံဇာတများသည် မြန်မာနိုင်ငံရှိ လူနည်းစု တိုင်းရင်းသား အများအပြား၏ ဆုံးရှုံးနစ်နာမှုများအတွက် အရေးပါသည့် အကြောင်းရင်းတစ်ခု ဖြစ်နေပါသည်။ ပိုင်ဆိုင်မှုများ၊ ရရှိရမည့် အခွင့်အရေးများနှင့် ပတ်သက်သော အငြင်းပွားမှုများသည် ရာစုနှစ်ဝက်အတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်း ပဋိပက္ခများ၏ တစ်ခုတည်းသော အကြောင်းရင်း မဟုတ်သော်လည်း အနိမ့်ဆုံးအားဖြင့် ၎င်းတို့သည် အရေးကြီးသော အချက်တစ်ချက် ဖြစ်ပါသည်။ မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဘာဝသယံဇာတများအပေါ် အပစ်အခတ် ရပ်စဲပြီးနောက် ဆွေးနွေးရန် လိုအပ်သည့် အလယ်အလတ်အဆင့် ပြဿနာများအဖြစ် သတ်မှတ်၍ အလေးမထားခြင်းကို ရပ်တန့်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အထူးဦးစားပေး ဆွေးနွေးသင့်ပါသည်။

တတိယအချက်အနေဖြင့် လက်နက်ကိုင်များသည် ကျောက်စိမ်းတူးဖော်ရေးကဏ္ဍနှင့် ပိုမိုကျယ်ပြန့်သည့် စီပွားရေးနယ်ပယ်မှ ထွက်ခွာရန် သို့မဟုတ် ဖယ်ထုတ်ပစ်ရန် လိုအပ်နေပါသည်။ အရေးအကြီးဆုံးအနေဖြင့် ယင်းအချက်တွင်

တပ်မတော်၏ အဖွဲ့အစည်းလိုက် သာမက အဆင့်မြင့် အရာရှိတစ်ဦးချင်း နှင့် ကျောက်စိမ်း ကုမ္ပဏီများ၊ လုပ်ကွက်များကို ပိုင်ဆိုင်ထားသည့် ၎င်းတို့၏ မိသားစုဝင်များပါ ပါဝင်ပါသည်။ အရေးကြီးသော စီးပွားရေး ကဏ္ဍများတလျောက် တပ်မတော်၏ ပျံ့နှံ့နေရာယူ ထားခြင်းသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ထိခိုက်စေပြီး ပဋိပက္ခကို ပိုမိုဆိုးဝါးစေပါသည်။ အာဏာသိမ်းမှုသည် ယင်းအချက် မှန်ကန်ကြောင်းကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုကို သေချာစွာ ထည့်သွင်း စဉ်းစားထားသည့် ခိုင်မာသော ငြိမ်းချမ်းရေး သဘောတူညီမှုသည် တိုင်းရင်းသား အဖွဲ့အစည်းများကို စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်ရန် သို့မဟုတ် ၎င်းတို့၏ အုပ်ချုပ်ရေးဆောင်ရွက်မှုများနှင့် လက်နက်ကိုင် အင်အားများကို နယ်စပ်လုံခြုံရေးနှင့် အစိုးရယန္တယားတွင် ပေါင်းစပ်ရန် ခွင့်ပြုပေးနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် တပ်မတော်၏အာဏာကို လျှော့ချရေးနှင့် ပြည့်စုံသော ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ခု၏ မူဘောင်အတွင်း ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဖက်ဒရယ်အစိုးရစနစ် တစ်ရပ် ဖြစ်ပေါ်လာစေရေး နှစ်ရပ်လုံးအတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ရန် လိုအပ်ပါသည်။ တိုင်းပြည် ရှေ့သို့ ဆက်လက်ချီတက်နိုင်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မဖြစ်မနေ ပြင်ဆင်ရန် လိုအပ်ပါသည်။

ဤဖွဲ့စည်းမှုဆိုင်ရာ အတားအဆီး လေးခုလုံးသည် ယနေ့အခြေအနေနှင့် ကိုက်ညီမှုရှိနေဆဲ ဖြစ်ပါသည်။ ကံဆိုးသည်မှာ အာဏာသိမ်းမှုသည် ထိုပြဿနာများ၏ မည်သည့် အချက်ကိုမျှ ဖြေရှင်းပေးနိုင်ရန် ဖြစ်နိုင်ခြေမရှိဟု ဆိုလိုနေပါသည်။ အနိမ့်ဆုံးအနေဖြင့် တပ်မတော်မှ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကို ဆက်လက်ထိန်းချုပ်ထားသမျှ မဖြစ်နိုင်ပေ။ သို့သော် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို ဖြေရှင်းရန် ကြိုးပမ်းနေကြသူများအား မျှော်လင့်ချက် ကုန်ဆုံးသည့်အခြေအနေတွင် မထားရစ်ခဲ့သင့်ပါ။ အာဏာသိမ်းမှုသည် တပ်မတော်ကို ပံ့ပိုးပေးနေသည့် စီးပွားရေး အကျိုးစီးပွားကို ပြန်လည်သတိပြုမိစေခဲ့ပြီး တပ်မတော်မှ အာဏာကို လက်လွှတ်လိုက်ရသည့်အချိန်တွင် ၎င်းတို့ကို အရေးတကြီး ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ တပ်မတော်ကို ချက်ချင်းရေတို ကာလအတွင်း ဆန့်ကျင်ရန်နှင့် ကျောက်စိမ်းလုပ်ငန်း၏ အနာဂတ်အတွက် မျှော်မှန်းချက်အသစ် တစ်ခုကို ရေးဆွဲထားရန် ဆက်စပ်ပါဝင်နေသူများ ဆောင်ရွက်နိုင်မည့် အလုပ်များစွာ ရှိနေပါသည်။

## *နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်*

ဆန္ဒပြသူများနှင့် လက်နက်ကိုင် အဖွဲ့များ၏ ဆန့်ကျင်မှု တိုးမြင့်လာစဉ် တပ်မတော်သည် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှု များကို ဖြိုခွင်းရန် ကြိုးစားနေပါသည်။ ထို့ကြောင့် တပ်မတော်က မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍကို ကျယ်ပြန့်စွာထိန်းချုပ် ထားနိုင်သမျှ ကာလပတ်လုံး ကျောက်စိမ်းကဏ္ဍတွင် ဖြစ်ပွားလာနိုင်သည့် လူ့ဆင်းရဲဒုက္ခ အများအပြားကို လျှော့ချနိုင်မည့် အရေးကြီးသည့် ပြုပြင် ပြောင်းလဲမှုအတွက် မျှော်လင့်ချက် မရှိသလောက်ပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အဓိက ဦးစားပေးမှုသည် တပ်မတော်ကို အာဏာစွန့်လွှတ်စေရန်နှင့် မြန်မာပြည်သူများ လက်ခံနိုင်မည့် တရားဝင် အစိုးရသစ် တစ်ရပ်ကို ဖွဲ့စည်းရေးအတွက် ကူညီရာတွင် ထားရှိသင့်ပါသည်။ ဤမဟာဗျူဟာ၏ အဓိကကျသောအချက်မှာ ကျောက်စိမ်းလုပ်ငန်းနှင့် အခြား တရားဝင်နှင့် တရားမဝင် သဘာဝ သယံဇာတများမှ အကျိုးအမြတ် ရယူနိုင်စွမ်းကို ကန့်သတ်မည့် မူဝါဒများကို ကျင့်သုံးသင့်ပါသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းသည် အောက်ဖော်ပြပါ နောက်ဆက်တွဲအချက်များကို တိကျစွာ အကောင်အထည်ဖော်သင့်ပါသည်။

၁။ တပ်မတော်၏ ဥပဒေနှင့် ဆန့်ကျင်သော အာဏာသိမ်းမှုကို တရားဝင်ကြောင်း အသိအမှတ်မပြုရန်- နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စုပေါင်း အသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များသည် စစ်တပ်၏ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဥပဒေနှင့်ညီညွတ်သော သို့မဟုတ် တရားဝင်သော မြန်မာအစိုးရတစ်ရပ်အဖြစ် အသိအမှတ် မပြုရန်နှင့် ဖြစ်စဉ်တိုင်းတွင် ၎င်းတို့၏ ကိုယ်စားပြုမှုနှင့် တရားဝင်အသိအမှတ်ပြုမှုကို ငြင်းပယ်သင့်ပါသည်။

၂။ အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ကို ဒေသတွင်းနှင့် နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ပြုရန်- နိုင်ငံများသည် NUG အစိုးရကို တရားဝင် အစိုးရအဖြစ် သံတမန်ရေးရာအရ အပြည့်အဝ အသိအမှတ်ပြုပေးနိုင်ရန် ပြင်ဆင်ထားခြင်း မရှိနိုင်သေးသော်လည်း အနိမ့်ဆုံးအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း တွေ့ဆုံဆွေးနွေးပွဲများတွင် NUG ၏ ကိုယ်စားလှယ်များကို ပါဝင်စေသင့်ပါသည်။ ယင်းအချက်သည် အထူးသဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ညှိနှိုင်းဆွေးနွေးရာတွင် တိုက်ရိုက် သက်ဆိုင်သည့် အာဆီယံကဲ့သို့သော အဖွဲ့အစည်းများအတွက် မှန်ကန်ပါသည်။

၃။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ လက်နက်ရောင်းချမှု ပိတ်ပင်ခြင်း နှင့် ရွေးကောက်ခံ အရပ်သားအစိုးရဆီသို့ လျင်မြန်၍ ငြိမ်းချမ်းသော အကူးအပြောင်းတစ်ခု ဖြစ်ပေါ်လာစေနိုင်သော ဖြေရှင်းချက်တစ်ခုကို ဆောင်ရွက်ပေးခြင်းအားဖြင့် အာရှတိုက်၏ ဗဟိုတွင် ပျက်သုန်းနိုင်ငံတစ်ခု ပေါ်ထွက်လာနိုင်သည့် အခြေအနေသည် ဒေသတွင်းသာမက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ အတွက် ဘေးအန္တရာယ် တစ်ခု ဖြစ်လာနိုင်သည့်အပေါ် အလေးထား တုံ့ပြန်ရန်။

၄။ အာဏာသိမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေ မြင့်တက်လာခြင်းကို ဖြေရှင်းရန် စစ်အစိုးရကို အသိအမှတ်ပြုခြင်းမရှိဘဲ ထောက်ပံ့ကူညီမှုများကို တိုးမြှင့်ပေးရန်။

၅။ အရေးယူဆောင်ရွက်ခြင်း မပြုရသေးသည့် နိုင်ငံများသည် မြန်မာ့ပြည်သူများအပေါ် သက်ရောက်မှုအနည်းဆုံး ဖြစ်စေပြီး စစ်တပ်၏

စီးပွားရေး လမ်းကြောင်းများကို ဦးတည်သည့် စီးပွားရေးပိတ်ဆို့မှုများကို အသုံးပြု၍ ကုမ္ပဏီများကို စစ်တပ်နှင့် စစ်တပ်ပိုင်ကုမ္ပဏီများအား ပစ္စည်းပံ့ပိုးပေးခြင်း သို့မဟုတ် စီးပွားရေး လက်တွဲဆောင်ရွက်ခြင်း မှ တားဆီးသင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်-

(က) စစ်တပ်ပိုင် ကုမ္ပဏီများဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း နှင့် ယခုအခါ စစ်တပ်ကို ငွေကြေးပံ့ပိုးနေသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဲ့သို့ နိုင်ငံပိုင် အခြားစီးပွားရေးလုပ်ငန်းများ၊

(ဂ) စစ်ကောင်စီကို လက်နက်များ၊ စောင့်ကြည့် စစ်ဆေးသည့် နည်းပညာများ မြန်မာပြည်သူများကို ဖိနှိပ်ရန် လိုအပ်သည့် အခြားအရင်းအမြစ်များ အပါအဝင် ၎င်း၏ အုပ်ချုပ်ရေးနှင့် လုပ်ပိုင်ခွင့်ကို တည်မြဲစေရန် မရှိမဖြစ်လိုအပ်သည့် နိုင်ငံခြားငွေ ရရှိစေရန် ကူညီပေးနေသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ နှင့်

(ဃ) အရာရှိတစ်ဦးချင်းနှင့် စစ်ကောင်စီတွင် ပါဝင်သော တစ်ဦးချင်းအပြင် ၎င်းတို့၏အရင်းနှီးဆုံးမိသားစုများ ပါ ပါဝင်ရပါမည်။

၆။ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများတွင် စစ်တပ်၏ ပျံ့နှံ့လွှမ်းမိုးနေမှုကို အသိအမှတ်ပြု၍ မြန်မာ နိုင်ငံမှ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ တင်ပို့မှုအားလုံးကို တားမြစ်ပိတ်ပင်ရန်။

၇။ NUG နှင့် အရပ်ဘက် အဖွဲ့အစည်းများက လူနည်းစု တိုင်းရင်းသားများ အားလုံးပါဝင်ပြီး သယံဇာတများကို မည်သို့ စီမံ ခန့်ခွဲမည်ကို ဆုံးဖြတ်ရာတွင် ဒေသခံများအား အဓိပ္ပါယ်ပြည့်ဝသော အခန်းကဏ္ဍမှ သေချာထည့်သွင်းထားသည့် ကျောက်စိမ်း လုပ်ငန်း၏ အနာဂတ်အတွက် စီမံချက်ရေးဆွဲရာတွင် အားပေးကူညီရန်။

## *အမျိုးသားညီညွတ်ရေး အစိုးရအတွက်*

၁။ NUG သည် သယံဇာတအပေါ်အခြေခံသည့် ပဋိပက္ခများ၏ အကြောင်းရင်းများကို ဖြေရှင်းရန် အလေးအနက်ထားမှုကို ဖော်ပြသည့် ဖက်ဒရယ် မူဘောင်တစ်ခုအတွင်း ဘက်ပေါင်းစုံပါဝင်သော သဘာဝ သယံဇာတ စီမံအုပ်ချုပ်ရေး အတွက် စီမံချက် တစ်ရပ်ကို ရေးဆွဲသင့်ပါသည်။ ထို့အပြင် လူနည်းစုတိုင်းရင်းသားများအား ၎င်းတို့၏ စိုးရိမ်မှုနှင့် ဦးစားပေးမှုများကို NUG ၏ မူဝါဒဆိုင်ရာ ဦးစားပေးမှုများတွင် ထည့်သွင်းသွားမည်ကို အာမခံချက်ပေးသင့်ပါသည်။ ထိုသို့ဆာင်ရွက်ရာတွင် NUG သည် အောက်ပါအချက်များကို ဆောင်ရွက်နိုင်ပါသည်။

(က) NUG ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအတွင်း ကျောက်စိမ်း၊ ကျောက်မျက်ရတနာနှင့် အခြား သဘာဝ

သယံဇာတများ အတွက် NUG ၏ မူဝါဒကို ရေးဆွဲရာတွင် ဦးဆောင်နိုင်မည့် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းခြင်း

(ခ) သဘာဝ သယံဇာတ စီမံအုပ်ချုပ်ရေးကို NUG ၏ အဓိပ္ပါယ် ပြည့်ဝသည့် အနာဂတ် ဖက်ဒရယ်စနစ် အတွက် အစီအစဉ် ရေးဆွဲရာတွင် ပါဝင်စေရေး သေချာစေရန်ဆောင်ရွက်ခြင်း

(ဂ) ကချင်နှင့် ရှမ်းပြည်နယ်ရှိ ဆက်စပ်ပါဝင်သူများ၏ ကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲများတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ စီမံခန့်ခွဲမှုအရေးကိစ္စကို ထည့်သွင်းခြင်း

၂။ အာဏာသိမ်းပြီး နောက်ဆက်တွဲ ပြဿနာများကို ဖြေရှင်းရာတွင် စစ်တပ်၏ အုပ်ချုပ်မှု ခိုင်မာစေရန် နှင့် အင်အား ဖြည့်တင်းရန် ထောက်ကူပေးနိုင်သည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကဏ္ဍတွင် စစ်ကောင်စီ၏ ဆောင်ရွက်မှုများကို အောက်ပါအတိုင်း တုံ့ပြန်ရန်

(က) စစ်တပ်နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများသည် ကျောက်မျက်တူးဖော်မှု လိုင်စင်ရရှိရန်အတွက် အရည်အချင်း မပြည့်မီတော့ကြောင်း၊ ကျောက်မျက်လုပ်ငန်းအတွင်း စစ်တပ်နှင့်စီးပွားဖက် ကုမ္ပဏီများအား တရားမဝင် ကုမ္ပဏီများအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်း ကြေငြာခြင်း၊

(ခ) လိုင်စင်များပြန်လည် ခွင့်ပြုပေးခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်းနှင့် စစ်ကောင်စီက ထုတ်ပေးသည့် လိုင်စင်များသည် တရားမဝင်ကြောင်း ကြေငြာ၍ စစ်ကောင်စီမှ ဝင်ငွေ လျှင်မြန်စွာရရှိစေရန် လိုင်စင် ပြန်လည်စတင် ခွင့်ပြုပေးမည့် အန္တရာယ်ကို ကြိုတင်ကာကွယ် တားဆီးခြင်း၊

(ဂ) စစ်ကောင်စီမှ ကျင်းပသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ပြပွဲများကို သပိတ်မှောက်ရန် ပြည်တွင်း ကုမ္ပဏီများကို တိုက်တွန်းအားပေးခြင်း၊

(ဃ) စစ်ကောင်စီမှ စီမံသည့် လိုင်စင်ကိစ္စရပ်များနှင့် ရောင်းချခြင်းများတွင် ပါဝင်သည့်ကုမ္ပဏီများအတွက် အနာဂတ်တွင် လိုင်စင်လျှောက်ထားရန် နာမည်ပျက်စာရင်း ထည့်သွင်းခြင်းကဲ့သို့သော သက်ရောက်မှုများကို ရှင်းလင်းတင်ပြခြင်း၊

၃။ NUG ၏ မူဝါဒများသည် အတိတ်ကာလမှ NLD ၏ မူဝါဒများ၊ စစ်ကောင်စီ၏ မူဝါဒများနှင့် မည်သို့ ကွဲပြားသည်ကို ဖော်ပြ၍ မူဝါဒ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များအပေါ် အာရုံစိုက်ရန်- ထိုသို့ဆောင်ရွက်ရာတွင်

(က) NLD အစိုးရ လက်ထက်တွင် ဆိုင်းငံ့ထားခဲ့သည့် အမျိုးသား ကျောက်မျက်ရတနာ မူဝါဒ ပြင်ဆင်ခြင်းနှင့်

အပြီးသတ်ခြင်း- NUG သည် ဆက်စပ်ပတ်သက်သူ ပေါင်းစုံပါဝင်သည့် မူဝါဒ ရေးဆွဲရေး အစီအစဉ်အောက်တွင် ပြန်လည် ဆောင်ရွက်သင့်ပါသည်။

(ခ) ကျောက်မျက်လုပ်ငန်းအတွင်း ပွင့်လင်းမြင်သာမှု ရှိစေရေး နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအတွင်း အကျိုးစီးပွား ပဋိပက္ခများကို လျှော့ချရေးတို့အတွက် NUG က မည်သို့ ရည်ရွယ်သည်ကို ဖော်ပြရန် လိုင်စင်ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်အား ပြုပြင်ပြောင်းလဲမည်ကို ကြေငြာခြင်း၊

(ဂ) သဘာဝ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ထိခိုက်နစ်နာခဲ့ရသည့် ဌာနေ လူ့အသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို ဦးစားပေးမည်ဖြစ်ကြောင်း ကတိပြုခြင်း နှင့်

(ဃ) စက်မှု ယန္တယားအသုံးပြု၍ ကျောက်စိမ်းတူးဖော်ခြင်း နှင့် အကြီးစားထုတ်လုပ်မှု အားလုံးကို တားမြစ် ပိတ်ပင်ခြင်း

## *ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်/ ကချင်လွတ်မြောက်ရေးတပ်မတော် အတွက်*

စစ်အာဏာသိမ်းမှု ကျဆုံး၍ တရားဝင် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်း ရှိလာပါက သို့မဟုတ် KIO/A သည် ဖားကန့်ကို ပြန်လည်ရယူပြီး ဆက်လက် ထိန်းချုပ်ထားနိုင်ပါက KIO/A တွင် ကျောက်စိမ်းအပေါ် ပိုမိုတာဝန်ယူမှုရှိသော ချဉ်းကပ်မှုရှိကြောင်း ဖော်ပြနိုင်ရန် အခွင့်အလမ်းများ ရှိလာမည် ဖြစ်သည်။ အထက်ပါ အခြေအနေများ ဖြစ်လာခဲ့ပါက KIA ဆောင်ရွက်သင့်သည်မှာ -

(က) အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ဒေသခံ အသိုင်းအဝိုင်းများ၊ နိုင်ငံရေး ပါတီများနှင့် ပူးပေါင်း၍ အရပ်သား ထိန်းချုပ်မှုအောက်တွင် ရေရှည်တည်တံ့သည့် သယံဇာတ စီမံခန့်ခွဲမှုအတွက် အဖွဲ့၏မျှော်မှန်းချက်ကို ဖော်ပြထားသည့် ကျောက်စိမ်းတူးဖော်ရေး မူဝါဒ တစ်ရပ် အပါအဝင် ကချင်ပြည်နယ်မှ ပြည်သူလူထုကို အကျိုးဖြစ်ထွန်းစေပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သည့် သဘာဝသယံဇာတ ဖယ်ဒရယ် စနစ်အတွက် အသေးစိတ် အစီအစဉ်ရေးဆွဲရန်

(ခ) သဘာဝ သယံဇာတနှင့် ပတ်သက်သည့် ပိုမို ကျယ်ပြန့်စွာပါဝင်သော အနာဂတ်အတွက် အထူးသဖြင့် ကချင်ပြည်နယ်တွင် ပေါများသည့် ကျောက်စိမ်းနှင့် သစ်ထုတ်ရေး ကဲ့သို့ သယံဇာတများတွင် NUG၏ မျှော်မှန်းချက်ကို အားဖြည့်ပေးရန်အတွက် NUG နှင့် ထိတွေ့ဆက်ဆံရန်

(ဂ) ပြစ်မှုကျူးလွန်သူများကို အရေးယူရန် အကြီးတန်းခေါင်းဆောင်များ နှင့် အမိန့်ပေး စေခိုင်းသူများအပါအဝင် KIA/O တာဝန်ရှိသူများ ပါဝင်နေသည့် အကျင့်ပျက်ခြစားမှုဆိုင်ရာ

စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ယုံကြည်စိတ်ချ ရသော စနစ် ယန္တယားတစ်ရပ် တည်ဆောက်ရန်

(ဃ) KIO/A ၏ အခွန်စည်းမျဉ်း၊ လိုင်စင်သတ်မှတ်ချက်များ၊ ဝ င်ငွေ၊ အသုံးစရိတ်နှင့် ကြီးကြပ်ရေးယန္တရားများ၏ အသေးစိတ် အချက်အလက်များ အပါအဝင် ကျောက်စိမ်းကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို EITI မှ ချမှတ်ထားသည့် စံချိန်စံညွှန်းများနှင့် အညီ အများသိရှိနိုင်ရန် ထုတ်ပြန်ရေးအတွက် ပြင်ဆင်ထားရန်၊

(င) တပ်မတော်အား အာဏာမှ ဖယ်ရှားခံရပါက ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းအပါအဝင် သဘာဝ သယံဇာတ ကဏ္ဍမှ ထွက်ခွာမည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိပြုရန်။

## *ပြည်တွင်း ကျောက်စိမ်းတူးဖော်ရေးနှင့် ကုန်သွယ်ရေး ကုမ္ပဏီများ အတွက်*

၁။ ကျောက်မျက် တူးဖော်ရေးလုပ်ငန်းများကို ချက်ချင်းပြန်လည်သုံးသပ်ပြီး မြန်မာနိုင်ငံဥပဒေ သို့မဟုတ် နိုင်ငံတကာ စံချိန်စံညွှန်းများကို ချိုးဖောက်နေသည့် လုပ်ငန်းစဉ်များကို ရပ်တန့်ရန်၊ စီမံအုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်။

၂။ တူးဖော်ရေးလုပ်ငန်းများကို ချက်ချင်းပြန်လည်သုံးသပ်ပြီး တာဝန်ယူမှုရှိသော ထုတ်လုပ်ရေး စနစ်အတွက် OECD ၏ တင်ကြိုလုံ့လစိုက်ထုတ်လေ့လာမှု လမ်းညွှန်ချက်များနှင့် အညီ မြန်မာ့ကျောက်စိမ်းမြေတွင် လှုပ်ရှားနေသည့် တပ်မတော် သို့မဟုတ် အခြားလက်နက်ကိုင် အဖွဲ့အစည်းများကို ရန်ပုံငွေ ထောက်ပံ့နေခြင်းအား ရပ်တန့်ရန်။

၃။ ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ထုတ်ပြန်ချက်များအတွက် လက်ရှိ သတ်မှတ်အဆင့်ကို မှီမမှီ ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကျောက်စိမ်းစာချုပ်များ၊ လိုင်စင်သက်တမ်းများ အပါအဝင် အကျိုးအမြတ်ခံစားခွင့် ပိုင်ဆိုင်မှု အချက်အလက်များ၊ အခွန်၊ ငွေပေးချေမှုနှင့် ထုတ်လုပ်မှု အချက်အလက်များကို EITI ၏ လိုအပ်ချက် များနှင့်အညီ စီမံကိန်းအလိုက် ထုတ်ပြန်ကြေငြာရန် - ထိုထုတ်ပြန်ကြေငြာချက်များသည် မိမိဆန္ဒအလျောက် ဆောင်ရွက်နိုင်ပြီး လက်ရှိ MEITI ဆိုင်းငံ့ထားချိန်အတွင်း ကုမ္ပဏီများက ကိုယ်တိုင် ထုတ်ပြန်ကြေငြာနိုင်ပါသည်။

၄။ စစ်ကောင်စီမှ လိုင်စင်ခွင့်ပြုပေးခြင်းကို ပြန်လည်စတင်ပါက ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ရေးလိုင်စင် မလျှောက်ခြင်းဖြင့်လည်းကောင်း ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ပြပွဲများတွင် ပါဝင်ရန် ငြင်းဆန်ခြင်းဖြင့်လည်းကောင်း စစ်ကောင်စီ၏ ဝင်ငွေရရန် ကြိုးပမ်းမှုကို ဆန့်ကျင်ရန်။

၅။ ကျောက်စိမ်းကဏ္ဍ နှင့် ပတ်သက်သည့် NUG ၏ လမ်းညွှန်ချက်များ မူဝါဒများကို လိုက်နာရန်။

## *နိုင်ငံခြား ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဝယ်ယူသုံးစွဲသူများအတွက်*

၁။ မြန်မာ့စစ်တပ်၏ စီးပွားရေး အကျိုးစီးပွားများကို ဖော်ပြထားသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်လက် ရှာဖွေရေး မစ်ရှင် ၂၀၁၈ ခုနှစ် အစီရင်ခံစာ ပြန်လည်သုံးသပ်ရန်၊ ထို့နောက် ၎င်းတွင်ပါဝင်သော အကြံပြုချက်များကို အကောင်အထည်ဖော်ရန်။

၂။ သယံဇာတများသည် အကျင့်ပျက် ခြစားမှုများ အပါအဝင် လက်နက်ကိုင် အဖွဲ့များ၏ လက်အောက်ခံ သို့မဟုတ် ဖက်စပ်လုပ်ငန်း သို့မဟုတ် တပ်မတော်၏ အငြိမ်းစား သို့မဟုတ် တာဝန်ထမ်းဆောင်ဆဲ အကြီးတန်းအရာရှိတစ် ဦး ချင်းနှင့် တပ်မတော် သို့မဟုတ် အခြား လက်နက်ကိုင် အဖွဲ့များမှ ရောင်းချခဲ့ခြင်း သို့မဟုတ် ထုတ်လုပ်ခဲ့ခြင်း သို့မဟုတ် ငွေကြေး အကျိုးအမြတ် မရရှိခဲ့ကြောင်း သေချာစေရန် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများ ပါဝင်သော အန္တရာယ် မြင့်မားသည့် ထုတ်လုပ်မှုစနစ်များ အပေါ်တွင် တင်းကြပ်သည့် တင်ကြိုလုံ့လစိုက်ထုတ်လေ့လာမှုကို ဆောင်ရွက်ရန်။ အန္တရာယ် မြင့်မားသော ဒေသများနှင့် ပဋိပက္ခ ဒဏ်သင့် ဒေသများမှ တွင်းထွက်များ၏ တာဝန်ခံသော ထုတ်လုပ်မှုစနစ် ဖြစ်စေရေးအတွက်  ကုမ္ပဏီများသည် OECD ၏ တင်ကြိုလုံ့လစိုက်ထုတ်လေ့လာမှု လမ်းညွှန်ချက်များကို ကိုးကားဆောင်ရွက်သင့် ပါသည်။

၃။ မြန်မာစစ်တပ် သို့မဟုတ် အခြားလက်နက်ကိုင် အဖွဲ့များ အကျိုးအမြတ်ရရှိသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ များကို ဝယ်ယူခြင်းမှ ရှောင်ရှားရန် နှင့် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုဖြစ်စေသော ဥပဒေချိုးဖောက်မှုများအား ကူညီခြင်းမှ ရှောင်ရှားရန်။ ဆိုလိုသည်မှာ စစ်တပ်သည် အာဏာကို ထိန်းချုပ်ထားသမျှကာလပတ်လုံး မြန်မာနိုင်ငံမှ ထွက်ရှိသော မည်သည့် ကျောက်စိမ်းနှင့် ရတနာများကို မဆို ဝယ်ယူခြင်းမှ ရှောင်ရှားသင့်ပါသည်။